# သာမန်ကာလ ဆဌမတနင်္ဂနွေနေ့

ရှင်လုကာ ၆း၁၇၊ ၂၀-၂၆

လူတွေက သိကြပါတယ်၊ ဘုရားတရားရှိတဲ့သူဆိုတာ ဘယ်လိုလဲ၊ ဘုရားတရားမရှိတဲ့သူဆိုတာ ဘယ်လိုလူလဲဆိုတာ အလိုလိုကို သိကြပါတယ်။ ဒါပေမဲ့ ကိုယ်တိုင်က သိလို့သာသိတာ တိတိကျကျ လှေနံဒါးထစ်တော့ မပြောနိုင်ပါဘူး။ အဲ့ဒီလို အဲဒီလို တိတိကျကျ မပြောနိုင်ပေမဲ့ ကွက်ကွက်ကွင်းကွင်း မြင်နိုင်အောင်လို့တော့ ယနေ့ဖတ်ရတဲ့ ပထမကျမ်းစာ ယေရမိယကျမ်းနဲ့ ဆာလံကျမ်းတွေမှာ ဘုရားတရားရှိတဲ့သူဆိုတာ ဘယ်လိုလဲ၊ ဘုရားတရားမရှိတဲ့သူဆိုတာ ဘယ်လိုလဲဆိုတာကို သူ့တို့နည်း သူတို့ဟန်နဲ့ ရေးထားတာကို နားထောင်ကြည့်ပါ။

ပထမကျမ်းစာမှာ ဘုရားတရားရှိတဲ့သူဟာ ဘာနဲ့တူသလဲဆိုတော့ "ထိုသူသည် မြစ်ကမ်းပါး၌ စိုက်ထားသောသစ်ပင်ကဲ့သို့ဖြစ်၍ အမြစ်များသည် စမ်းချောင်းတွင် ဖြာထွက်လျက်ရှိသဖြင့် အပူဒဏ်ကို ကြောက်ရွံ့လိမ့်မည်မဟုတ်။ အရွက်များသည် စိမ်းစိုလျက်ရှိ၍ မိုးခေါင်သောကာလ၌လည်း ပူပန်ခြင်းမရှိဘဲ အဆက်မပြတ် အသီးသီးလိမ့်မည်။" နောက်ပြီး အဲ့လို ဘုရားတရားရှိတဲ့သူဟာ ဘာနဲ့တူသလဲဆိုတာကို ယနေ့ဆာလံကျမ်းမှာ ဖေါ်ပြထားတာက "သူသည် စီးဆင်းသောမြစ်ကမ်းပါးတွင် စိုက်ထားသောကြောင့် ရာသီအလိုက် အသီးကိုသီးပြီး အရွက်မညှိုးနွမ်းသောအပင်နှင့်တူ၏။" တဲ့။ ဘုရားတရားရှိတဲ့သူဟာ အဲ့ဒီလို စိုပြေစိမ်းလန်း တက်ကြွလန်းဆန်း နေလိမ့်မယ်။ ဘယ်တော့မှ စိတ်ဓါတ်ကျမှာ မဟုတ်ဘူး။ဘုရား၌ မျှော်လင့်နေလို့ဖြစ်ပါတယ်။

ပထမကျမ်းစာထဲမှာဘဲ ဘုရားတရားမရှိတဲ့သူကို ဘာနဲ့ နှိုင်းပြထားသလဲဆိုတော့ "ထိုသူသည် ကန္တာရတွင် သွေ့ခြောက်သော

ချုံပုတ်ကဲ့သို့ဖြစ်၍ စိမ်းလန်းသောရာသီကို မြင်တွေ့ရလိမ့်မည်မဟုတ်။ သူသည် လူသူကင်းမဲ့သော ဆားငံမြေနှင့် ပူပြင်းခြောက်သွေ့သော လွင်ပြင်တွင် နေထိုင်ရလိမ့်မည်” တဲ့။ သူ့ဘဝဟာ ခြောက်ကပ်ကပ်ကြီး ဖြစ်နေပါလိမ့်မည်။ ယနေ့ဖတ်ရတဲ့ ဆာလံကျမ်းမှာလည်း “ဆိုးယုတ်သူတို့မူကား လေတိုက်ရာ လွင့်ပါသွားသော ဖွဲကြမ်းနှင့်တူကြ၏” လို့ နှိုင်းပြထားပါတယ်။ ဟိုယားယားဒီယားယား ဆောက်တည်ရာမရ ဖြစ်နေပါလိမ့်မယ်။ ဂဏှာမငြိမ် ဖြစ်နေမှာပဲ။

ယနေ့ကျမ်းစာတွေအားဖြင့် ဘုရားတရားရှိသူနဲ့ ဘုရားတရားမရှိသူရဲ့ အဖြစ်အခြေအနေတွေကို မျက်စိထဲမြင်ယောင်မိအောင် နှိုင်းယှဉ်ပြထားတာကြောင့် ဘာသာသူတို့ ကိုယ်တိုင် ရွေးချယ်ကြပါ။ ဘုရားတရားရှိတဲ့သူ ဖြစ်ချင်သလား/ ဘုရားတရားမရှိတဲ့သူ ဖြစ်ချင်သလား။ မြစ်ကမ်းပါးမှာ ပေါက်တဲ့သစ်ပင်နဲ့ ဆားမြေမှာ ပေါက်တဲ့သစ်ပင်လို အမျှားကြီး ကွာခြားပါလိမ့်မယ်။ လုပ်သမျှအောင်မြင်တိုးပွါးတဲ့သူနဲ့ လေတိုက်ရာ လိုက်လွင့်နေတဲ့ ဖွဲကြမ်းလိုသူ ကွာခြားပါလိမ့်မယ်။

ဒီလိုပါပဲ မင်္ဂလာရှိတဲ့သူနဲ့ မင်္ဂလာမရှိတဲ့သူ (အမင်္ဂလာဖြစ်နေတဲ့သူ)လည်း အမျှားကြီး ကွာခြားတာပေါ့။ မင်္ဂလာရှိတဲ့သူဆိုတာ ဆင်းရဲပေမဲ့ ဘုရားအပေါ်မှာ အကြွင်းမဲ့ ယုံကြည်တယ်၊ မှီခိုအားထားတတ်တယ်။ ဘုရားသခင် ထားတော်မူတဲ့ ဂတိတော်တွေကိုလည်း သူက မျှော်လင့်နေလို့ စိတ်မပျက်ဘူး။ ဘုရားရဲ့ တရားတော်အတိုင်း ကျိုးစားနေတယ်။ ဆင်းရဲပေမဲ့ လူပျင်းမဟုတ်ဘူး။ ဘုရားရဲ့တရားတော်က သွန်သင်ထားတဲ့အတိုင်း ချစ်တတ်တယ်၊ ခွင့်လွှတ်တတ်တယ်။သနားတတ်တယ်၊ ဖော်ရွေတတ်တယ်။ ဒီလိုလူတွေဟာ မင်္ဂလာရှိတဲ့သူတွေဖြစ်တယ်။ အဲ့လိုလူတွေဟာ ကောင်းကင်ဘုံမှာ ထာဝရအသက်နဲ့ ရှင်နေရမည့်သူတွေ ဖြစ်တယ်လို့

ယေရှုဘုရားက ဂတိပေးထားပါတယ်။ "ဘုရားသခင်၏နိုင်ငံတော်သည် သင်တို့၏နိုင်ငံဖြစ်၏" လောကလူတွေက မြှောက်ပင့်ချီးမွမ်းကြတာကိုလည်း မမက်မောဘူး။ မဟုတ်မမှန်အသရေဖျက်ကြတာကိုလည်း ကြောက်မနေဘူး။ ဘုရားရှေ့တော်မှာ ကောင်းကြီးမင်္ဂလာခံစားရတဲ့သူတွေက အဲ့လိုလူတွေပါပဲ။

ဘုရားက သင့်တို့ကို အဲ့လို မင်္ဂလာရှိတဲ့သူတွေ ဖြစ်စေချင်နေတာပါ။ "ကောင်းကင်နိုင်ငံတော်သည် သင်တို့၏နိုင်ငံဖြစ်၏" လို့ မိန့်တော်မူတဲ့အတိုင်းပဲ ကောင်းကင်နိုင်ငံတော်က သင်တို့ရဲ့ လက်တစ်ကမ်းမှာပဲ ရှိပါတယ်။ ဘာလို့လဲဆိုတော့ ဘုရားသခင်က လူကို ထာဝရအသက်ပေးဖို့ လိုလားပါတယ်။ ဒါကြောင့် လူက နဲနဲလေး လုပ်ပေမဲ့ ဘုရားကတော့ အများကြီး ပေးချင်နေတာပါ။ ဒါကြောင့် ရှင်လုကာကျမ်းစာထဲမှာ "ပေးကမ်းကြလော့။ သင်တို့ကိုလည်း ပေးကမ်းကြလိမ့်မည်။ (ဘယ်လို ပြန်ပြီး ပေးကမ်းခံကြရမှာလဲ) လှုပ်ခါ၍ဖိသိပ်ထည့်ထားပြီး ပြည့်လျှံနေသည့် ကောင်းသောပမာဏကို သင်တို့၏ရင်ခွင်ထဲသို့ ထည့်ပေးကြလိမ့်မည်" (လုကာ ၆း၃၈)။ ကိုယ်က ကောင်းမှုလုပ်တာက နဲနဲလေးဖြစ်ပေမဲ့ ဘုရားကတော့ အများကြီး ပြန်ပေးတတ်တယ်။ ကြည့်ပါ့လား ရှင်မာတေဦး အခဏ်းကြီး ၁၀ မှာ "ဤအငယ်ဆုံးသောသူ တစ်ယောက်ကို ရေအေးတစ်ခွက်မျှပင် ပေးသောသူသည် ထိုသူ၏ဆုလာဘ်ကို ဆုံးရှုံးလိမ့်မည်မဟုတ်" တဲ့။ ရေအေးတစ်ခွက်က ဘယ်လောက်များ တန်ဖိုးရှိလို့လဲ . . ဒါပေမဲ့ ဘုရားပေးမည့် ဆုလာဘ်တော်က အဆမတန် ပေးတော်မူပါလိမ့်မယ်။

ဒါကြောင့် ဘာသာသူတို့ အဆမတန် ဆုလာဘ်ပေးချင်နေတဲ့ဘုရားက သင်တို့ကို မင်္ဂလာရှိရှိ နေစေချင်ပါတယ်။ ဒါ့အတွက် ကျနော်တို့ ခံစားရမည့် ဆုလာဘ်တော်က ထာဝရအသက် ချမ်းသာနော်။ ကိုယ်လိုလားတောင်းတတာတွေထက်တောင် အများကြီး

ပေးအုံးမည့် ဘုရား ဖြစ်တော်မူပါတယ်။ ဒါကြောင့် လက်ဝါးကားတိုင်ပေါ်က ကောင်းတဲ့သူခိုးကိုတောင် "ယနေ့ည (ယနေ့ည) သင်သည် ငါနှင့်အတူ ပါရာဒိဇူး ကောင်းကင်ဘုံမှာ အတူရှိလိမ့်မည်" တဲ့။ ကိုင်း . . . ဘယ်လောက်တောင် လွယ်လိုက်သလဲ။

နားဆင်သူအားလုံးအပေါ် ဘုရားသခင့်ကောင်းကြီးမင်္ဂလာများ ခံစားကြရပါစေ။